ပုံစံ(၁၁)

# ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

ခုံအဖွဲ့

၂၀၁၆ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်( ၄၇ /၂၀၁၆)

| | |
|---|---|
| ဦးလင်းလင်းထွန်းပါ(၄)ဦး<br>စိုးမိုးခိုင်သံရည်ကျိုစက်ရုံ၊အမှတ်(၆၁/၆၂/၆၃)၊<br>မြောင်းတကာစက်မှုဇုန်၊ မှော်ဘီမြို့နယ်။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဒေါ်ခိုင်ခိုင်ဝင်း (ပိုင်ရှင်)<br>စိုးမိုးခိုင်သံရည်ကျိုစက်ရုံ၊အမှတ်(၆၁/၆၂/၆၃)၊<br>မြောင်းတကာစက်မှုဇုန်၊ မှော်ဘီမြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇွန် လ ၂၉ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာစက်မှုဇုန်၊ အမှတ် (၆၁/၆၂/၆၃)ရှိ ဒေါ်ခိုင်ခိုင်ဝင်း ပိုင်ဆိုင်သော စိုးမိုးခိုင်သံရည်ကျိုစက်ရုံနှင့် အလုပ်သမား ဦးလင်းလင်းထွန်းပါ (၄)ဦးတို့အကြားဖြစ်ပွားသော အငြင်းပွားမှုကို မှော်ဘီမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေး ဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့ကအငြင်းပွားမှုအမှတ်(၆၂/၂၀၁၆)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၆ ခုနှစ်၊ ဇွန် လ ၇ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၂၉-၆-၂၀၁၆

၃။ ဤအငြင်းပွားမှုသည်တောင်းဆိုသူက တောင်းဆိုခြင်းခံရသူထံတွင် အလုပ်ထုတ်ပယ်ခြင်းခံရသည့်အတွက် အလုပ်ထုတ်နစ်နာကြေး တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁)ချက်ရေးဆွဲပြီးအဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုသူမှ အောက်ပါကောက်ချက်အမှတ် (၁)ပေါ်တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** တောင်းဆိုသူအလုပ်သမား (၄)ဦးမှ အလုပ်မှထုတ်ပယ်ခြင်းခံရသဖြင့် အလုပ်ထုတ်နစ်နာကြေးရရှိလိုကြောင်း တောင်းဆိုခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** အလုပ်ရှင်မှ လုပ်သား ဦးလင်းလင်းထွန်းပါ (၄)ဦးအား အလုပ်မှထုတ်ပယ်ခဲ့ခြင်းမရှိ၍ မူလရာထူး၊ မူလလစာ၊ မူလနေရာအတိုင်း ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ၇ ရက်အတွင်း ပြန်လည်ခန့်ထားရန်နှင့် အလုပ်ရှင်၏နှုတ်ဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း အလုပ်မှ ထုတ်ပယ်ခြင်းမဟုတ်သဖြင့် ကြားကာလနစ်နာကြေးပေးရန်မလိုဟုဆုံးဖြတ်သည်။

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏(၆၂/၂၀၁၆)ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် အလုပ်သမား(၄)ဦး၏ကိုယ်စား ဦးကြည်ထွန်း (ခ) ကြည်လွင်မှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၁၆)ဖြင့် ခုံသမာဓိကောင်စီ အမှုအမှတ် (၄၇/၂၀၁၆) အား ကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို အစိုးရ ကိုယ်စားလှယ် ဥက္ကဋ္ဌ ဦးသောင်းစိန်၊ အလုပ်ရှင် ကိုယ်စားလှယ် အဖွဲ့ဝင် ဦးထွန်းအောင်နှင့် အလုပ်သမား ကိုယ်စားလှယ် အဖွဲ့ဝင် ဒေါ်စန်းစန်းဦး တို့ပါဝင်သည့်ခုံအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ **နှံအဖွဲ့မှ** **အမှုတွဲကို** လက်ခံရရှိပြီးနောက် နှစ်ဖက်ထွက်ဆိုချက်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေ**ရေးအဖွဲ့မှတ်တမ်း၊** နှံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီရှေ့မှောက် ထွက်ဆိုချက်မှတ်တမ်းများနှင့် တင်ပြလာသော **စာရွက်စာတမ်း** အထောက်အထားများအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည် -

**ကောက်ချက်အမှတ်(၁)။** တောင်းဆိုသူအလုပ်သမား (၄)ဦးမှ အလုပ်မှထုတ်ပယ်ခြင်းခံရသဖြင့် အလုပ်ထုတ်နစ်နာကြေး ရရှိရန်သင့်/မသင့်။

<u>သုံးသပ်ချက်</u>

၇။ စိုးမိုးခိုင် သံရည်ကျိုအလုပ်ရုံမှ အလုပ်သမား ဦးလင်းလင်းထွန်းပါ (၄)ဦးတို့နှင့် အလုပ်ရှင်အကြား အငြင်းပွားမှုကိုဖြစ်စဉ်များအရ စစ်ဆေးခဲ့ရာတွင် စက်ရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်ဝင်း၏ကိုယ်စား တာဝန်ရှိမန်နေဂျာ ဦးစိန်သောင်းမှ အဆိုပါအလုပ်သမား (၄)ဦးတို့သည် လုပ်ငန်းခွင်မှထုတ်ပယ်ခြင်း၊ နှုတ်ပယ်ခြင်းများကို စာဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း ပြောဆိုဆောင်ရွက်ခြင်းမပြုခဲ့ပါကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ၇-၆-၂၀၁၆ ရက်စွဲပါ ဆုံးဖြတ်ချက်အမှတ် (၆၂/၂၀၁၆)ဖြင့် ဆုံးဖြတ်ချက်များကို လိုက်နာသည့်အနေဖြင့် ၁၀-၆-၂၀၁၆ ရက်နေ့တွင် စက်ရုံအမိန့်စာအမှတ် အခမ-၁/စမခ/၀၀၁ ဖြင့် ထုတ်ပြန်ထားပြီးဖြစ်၍ အလုပ်သမား ဦးလင်းလင်းထွန်းပါ (၄)ဦးတို့သည် လုပ်ငန်းခွင်သို့ ပြန်လည်လာရောက်ခြင်းကို ကြိုဆိုပါကြောင်း ထွက်ဆိုပါသည်။ ယခုတိုင်အလုပ်သမားများမှ ခုံသမာဓိကောင်စီသို့ အယူခံလွှာတင်ထား၍ အလုပ်ခွင်သို့ဝင်ရောက်မှုမရှိသေးပါကြောင်း တင်ပြခဲ့ပါသည်။ ထို့အပြင် လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရမှုများကိုလည်း ဥပဒေနှင့်အညီ ကုသဆောင်ရွက်ပေးရန် လူမှုဖူလုံရေးအဖွဲ့သို့ထည့်ဝင်ရမည့် ကိစ္စရပ်များအပါအဝင် လူမှုဖူလုံရေးကတ်ပြားရရှိရေးအတွက် ဆက်သွယ်ဆောင်ရွက်လျှက်ရှိပါကြောင်း တင်ပြခဲ့သဖြင့် နောက်နောင် လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရရှိမှုတို့ကို အရေးတယူဆောင်ရွက်ရန် ခုံအဖွဲ့မှ တိုက်တွန်းအကြံပြုခဲ့ပါသည်။ အလုပ်သမား ဦးလင်းလင်းထွန်းပါ(၄)ဦးတို့နှင့်ပတ်သက်၍ ဦးလင်းလင်းထွန်း၊ ဦးထွေးသိန်း၊ ဦးအေးဟန်တို့မှ လုပ်ငန်းခွင်အတွင်း မိမိတို့၏ အခက်အခဲများကိုတင်ပြ ဆောင်ရွက်ပေးရန်အတွက် အလုပ်ရုံတွင်း

မန်နေဂျာ (သို့မဟုတ်) တာဝန်ရှိသူ မြန်မာလူမျိုးတစ်ဦးကို အချိန်ပြည့်ထားရှိပေးပါရန် တင်ပြခဲ့ကြပါသည်။ ခုံအဖွဲ့အနေဖြင့် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ-၃အရ လုပ်ငန်းညှိနှိုင်းရေးကော်မတီကို အမြန်ဆုံးဖွဲ့စည်းဆောင်ရွက်ရန် တိုက်တွန်းသည်။ အလုပ်ရှင်မှ ယခုကဲ့သို့ မူလလုပ်ငန်းခွင်၊ မူလရာထူး တာဝန်များသို့ ပြန်လည်ဝင်ရောက်ရန်အတွက် အမိန့်စာ ထုတ်ပြန်ပြီးဖြစ်၍ အလုပ်တည်မြဲစေရေးကိုရှေးရှုလျှက် ဦးလင်းလင်းထွန်းပါ အလုပ်သမား (၄)ဦးတို့သည် မိမိတို့၏ လုပ်ငန်းခွင်သို့ အမြန်ဆုံးပြန်လည် ဝင်ရောက်ရန်အတွက် အခြေအနေတစ်ရပ်ကို ရရှိပိုင်ဆိုင်စေခဲ့ပြီးဖြစ်ပါသည်။ အလုပ်ရပ်စဲမှု/ ထုတ်ပယ်မှု သဘောသဘာဝများ မဟုတ်ဘဲ အလုပ်တည်မြဲစေမှု၊ လူမှုရေးတရားမျှတမှုစသည့် အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက်တို့ကို ဥပဒေနှင့်အညီ အပြုသဘောဆောင်စေသည့် လုပ်ဆောင်ချက်များကို အလုပ်ရှင်မှ အမိန့်စာဖြင့် လိုက်နာထုတ်ပြန်ခဲ့ပြီးသလို အလုပ်သမားများမှလည်း ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်သင့်သည်ဟု သုံးသပ်ပါသည်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** အထက်ပါအငြင်းပွားမှုနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၆၂/၂၀၁၆)နှင့် စပ်လျဉ်း၍ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်ကို အတည်ပြုကြောင်းဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည်အထက်တွင် ဖော်ပြထားသောနေ့ရက်မှစ၍အာဏာတည်စေရမည်။

| | | |
|---|---|---|
| 29/6/2016 | | ၂၉.၆.၂၀၁၆ |
| ဦးထွန်းအောင် | ဦးသောင်းစိန် | ဒေါ်စန်းစန်းဦး |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |